ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၂/၂၀၁၈)

| | |
|---|---|
| Mr. Yoo Byung Moon (Director)<br>ဦးအောင်ကိုလင်း (ကုမ္ပဏီအကြံပေး)၊<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>MST Underwear Co.,Ltd.၊အမှတ် (၆၃)၊<br>ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန် (၃)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်အေးသီတာစိုး<br>အမှတ် (၁၄၆)၊ အပြင်ပဒံဆိပ်ကမ်းသာလမ်း၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ အမှတ် (၆၃)ရှိ Mr. Yoo Byung Moon (Director)၊ ဦးအောင်ကိုလင်း (ကုမ္ပဏီအကြံပေး) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ MST Underwear Co.,Ltd.နှင့် အလုပ်သမား ဒေါ်အေးသီတာစိုးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၅၆/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ Mr. Yoo Byung Moon (Director) ထံတွင် တောင်းဆိုသူ အလုပ်သမား ဒေါ်အေးသီတာစိုးက အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက် အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်အေးသီတာစိုးအား အလုပ်ပြန်လည်ခန့်သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်အေးသီတာစိုးအား ကိုင်တွယ်ခွင့်မရှိသောစက်ပစ္စည်းအား ကိုင်တွယ်ခြင်းမပြုရန် သတိပေးစာပေးပြီး မူလရာထူး၊ မူလနေရာ၊ လစာ (အနည်းဆုံးအခကြေးငွေနှုန်းထားသစ်) ဖြင့် လုပ်သက်မပျက်ဘဲ အလုပ်ပြန်ခန့်ရန်နှင့် အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်လည် ခန့်ထားသည့်နေ့အထိ ကြားကာလ နစ်နာကြေးအား နောက်ဆုံးထုတ်လစာ (OT )မပါနှုန်းဖြင့် တွက်ချက်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၆/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄၂/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးညွန့်စိန်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်အေးသီတာစိုးအား အလုပ်ပြန်လည်ခန့်သင့်/မသင့်။

**စစ်ဆေးတွေ့ရှိချက်**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို သက်သေများနှင့်အတူ ၁၅-၆-၂၀၁၈ ရက်နေ့တွင် တွေ့ဆုံ၍ အငြင်းပွားမှုဖြစ်စဉ်ကို စေ့စေ့ငှငှသိရှိနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ရှေးဦးစွာ အလုပ်ရှင် Mr. Yoo Byung Moon (Director)၏ကိုယ်စား ဦးအောင်ကိုလင်း(ကုမ္ပဏီအကြံပေး)ကို စစ်ဆေးခဲ့ရာတွင် ၎င်း၏ ထွက်ဆိုချက်အရ အလုပ်မှ ထုတ်ပယ်ခြင်းခံရသော အလုပ်သမား ဒေါ်အေးသီတာစိုးသည် စက်ရုံစည်းကမ်းချက်များကို လိုက်နာမှုမရှိ၍ ထုတ်ပယ်ရခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ နစ်နာကြေးပေးမည်ဖြစ်ကြောင်း၊ အလုပ်ပြန်လည်ခန့်ထားရန် ဆန္ဒမရှိပါကြောင်းကို အလေးပေးထွက်ဆို ရှင်းလင်းခဲ့ပါသည်။ ဦးအောင်ကိုလင်း အကြံပေးမှ တင်ပြခဲ့သော သက်သေခံအလုပ်သမားအသီးသီး (မခင်မာအေး (Super)၊ မပြုံးပြုံးကြည် (Leader)၊ မဇာဇာဝင်း (Opertor)) တို့၏ ထွက်ဆိုချက်များကို သိရှိနိုင်ရန် ထွက်ဆိုရှင်းလင်းစေခဲ့ပါသည်။ အလုပ်မှထုတ်ပယ်ခံရသော ဒေါ်အေးသီတာစိုးနှင့် စကားများခဲ့သည့် ဒေါ်ဇာဇာဝင်း၏ ထွက်ဆိုချက်သည် စကားများခဲ့သည်သာဖြစ်ပြီး ကိုယ်ထိလက်ရောက် လုံးထွေးသတ်ပုတ် နာကျင်စေသည့် အခြေအနေမရှိကြောင်းကို စစ်ဆေးရာတွင် ပေါ်လွင်ခဲ့ပါသည်။ အကြောင်းရင်းမှာလည်း ခွင့်ပြုချက်ဖြင့် ကိုင်တွယ်ချုပ်လုပ်ရမည့် ချုပ်စက်တစ်မျိုးကို ခွင့်ပြုချက်မယူ၍ ပြောဆိုတားမြစ်သည်မှစ၍ အချေအတင်ဖြစ်ပွားခဲ့ပြီး စည်းကမ်းမလိုက်နာချိုးဖောက်သည်ဟု အကြောင်းပြကာ အချင်းများသူနှစ်ဦး (ဒေါ်ဇာဇာဝင်းနှင့် ဒေါ်အေးသီတာစိုး) အနက် ဒေါ်ဇာဇာဝင်းကိုမူသတိပေးခံဝန်လက်မှတ်ထိုးခိုင်းပြီး ကျန်တစ်ဦးဖြစ်သည့် ဒေါ်အေးသီတာစိုးကိုမူ အလုပ်မှထုတ်ပယ်ခဲ့သဖြင့် ဒေါ်အေးသီတာစိုးမှ ၎င်းအား အလုပ်မှထုတ်ပယ်လောက်သည့် ပြစ်ချက်မဟုတ်သည်များကို စုစည်း၍ အပြစ်ရှာကာ ထုတ်ပယ်ခဲ့သည်ဟု စိတ်ခံစားမှုကို ဖြစ်ပေါ်စေပြီး ဒေါ်အေးသီတာစိုးကို ပေးအပ်သည့်ပြစ်ဒဏ်သည် လူမှုသောကဒုက္ခများကို ခံစားသက်ရောက်စေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၇။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ သက်သေခံတင်ပြချက်များကို ရှေ့နောက်ညီ/မညီ စစ်ဆေးခဲ့ပြီးနောက် ညှိနှိုင်းရေးကော်မတီ (WCC)၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ အသီးသီးတို့တွင် ထွက်ဆိုတင်ပြခဲ့သော သက်သေခံချက်များ၊ ထွက်ဆိုချက်များကို လက်ရှိအခြေအနေများနှင့် နောက်ခံအကြောင်းအရာများကို တွေးဆ၍ အငြင်းပွားမှုပြေငြိမ်းရေးကို ဦးတည်ပြီး လူမှုတရားမျှတရေးကိုပါ အားဖြည့်စဉ်းစားသုံးသပ်ခဲ့ပါသည်။ စက်ရုံတွင်းရှိ လုပ်ငန်းသုံးချုပ်စက်များကို နည်းပညာအရ စက်ရုံတွင်းတာဝန်ထမ်းဆောင်နေသော လုပ်သားတိုင်း ကျွမ်းကျင်စွာ ချုပ်လုပ်ကိုင်တွယ်နိုင်ရေးအတွက်

စက်ရုံတာဝန်ရှိ ပုဂ္ဂိုလ်တို့မှ လုပ်ငန်းတွင်း လေ့ကျင့်ရေးသင်တန်းပို့ချခြင်းကို စီစဉ်ဆောင်ရွက်ခြင်းဖြင့် တက်ကြွကျွမ်းကျင်စွာဆောင်ရွက်လိုသော လုပ်သားကောင်းများကို မွေးထုတ်နိုင်မည်ဖြစ်ပြီး ယခုကဲ့သို့ အလုပ်မှထုတ်ပယ်သည်အထိ အငြင်းပွားမှုမျိုးမဖြစ်စေရန် ရှောင်ရှားနိုင်မည်ဟု အကြံပြုပါသည်။ လုပ်သားတို့သည်လည်း စက်ရုံမှ အခါအားလျော်စွာ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ တာဝန်ရှိသူတို့၏ ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်သင့်ကြောင်းကို အသိပေးသုံးသပ်ပါသည်။ မပြောပလောက်သော အငြင်းပွားမှုစ၍ အလုပ်မှ ထုတ်ပယ်ခံရသည့် ဒေါ်အေးသီတာစိုးသည် ယခင်နှစ်များက စက်ရုံ၏ အချိန်ပိုလုပ်ခ ခံစားခွင့်နှင့် ပတ်သက်၍ ဆန္ဒပြတောင်းဆိုရာတွင် ပါဝင်ခဲ့ဖူးသည်ကို အငြိုးအတေးထားခဲ့သည်ဟု ၎င်းအနေဖြင့် ခံစားရပြီး ယခုအငြင်းပွားမှုဖြစ်စဉ်တွင်ပါဝင်သည့် မဇာဇာဝင်းကိုမူ ကတိခံဝန်ချက်ဖြင့် မူလနေရာတွင် ခန့်ထားခဲ့သည်မှာ မမျှတသောအရေးယူဆောင်ရွက်မှုဟု တွေးတောခံစားစေနိုင်သဖြင့် မျှမျှတတဖြစ်စေရန် နဂိုမူလရာထူး၊ လစာတွင် ဒေါ်အေးသီတာစိုးအား နောင်လုပ်ငန်းခွင်အတွင်း ယခုကဲ့သို့ဖြစ်ရပ်မျိုးမဖြစ်စေရန် ကတိခံဝန်ချက်ရယူ၍ ပြန်လည်ခန့်ထားသင့်ကြောင်း သုံးသပ်ပါသည်။ အလုပ်မှထုတ်ပယ်ခြင်းခံရသော ဒေါ်အေးသီတာစိုးသည် လင်ယောကျ်ားနှင့် ကွဲကွာနေပြီး ကလေး(၃)ဦး၏မိခင်အဖြစ် ကြမ်းတမ်းသော ဘဝပေးအခြေအနေကို ရုန်းကန်လှုပ်ရှားနေရသဖြင့် ယခုကဲ့သို့ အလုပ်မှထုတ်ပစ်ခြင်းသည် ဆိုးဝါးသော လူမှုဒုက္ခအဝဝကို ပို၍မိုခံစားစေရန်အတွက် လုပ်ဆောင်ချက်သာဖြစ်၍ လူမှုရေးတရားမျှတမှု အခြေခံကို အလေးအနက်ပြု၍ ပြုပြင်နိုင်သော လူမှုဆက်ဆံရေးအခြေအနေများကို ကာလတစ်ရပ်အထိ ဒေါ်အေးသီတာစိုးအား အခွင့်အလမ်းပေး၍ လက်တွဲခေါ်ဆောင်သွားသင့်ကြောင်း သုံးသပ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်အေးသီတာစိုးအား တရားမျှတမှုနှင့် ညီညွတ်သော ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုးစေပြီး၊ ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ၎င်း၏ မူလရာထူး၊ လစာ (အနည်းဆုံးအခကြေးငွေနှုန်းထားသစ်)နှင့် သင့်လျော်သောနေရာတွင် လုပ်သက်မပျက်ဘဲ ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလ နစ်နာကြေးအား နောက်ဆုံးထုတ်လစာ (OT မပါ )နှုန်းဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးညွန့်စိန် | ဦးသောင်းစိန် | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |